# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၃)

## မာတိကာ


ဤကျမ်းကို မရှုစားမီ

အပိုင်း (၁)

၂၀၁၂ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း (၂)

၁ ကြားဖြတ်ရွေးကောက်ပွဲ (၂၀၁၂) စိုးမြင့်သန်းမောင် (စာပေဗိမာန်) ၅၅

၂ ထားဝယ်အထူးစီးပွားရေးဇုန် အောင်ချိန်ဘွား ၇၅

၃ မြန်မာပြည်အနောက်များမှ မြို့သားချင်းများ သျှင်ထွေးယဉ် (မနုသ) ၈၅

၄ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝင်းချစ် (အမျိုးသားစာပေဆုရ) ၉၃

၅ ရန်ကုန်မြစ်နှင့်ပဲခူးမြစ်ဆုံနေရာ၏ ရေစီးရေလာနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများ ဒေါက်တာချာလီသန်း ၁၀၅

၆ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေနှင့်စီးပွားရေး/လူမှုရေး အညွှန်းကိန်းများ ဦးအောင်မြင့်သိန်း ၁၁၉

အပိုင်း (၃)

၂၀၁၂ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၂၉

အက္ခရာစဉ်အညွှန်း ၄၈၆


# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၃) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၂ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၁၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၂ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲ (၂၀၁၂)၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ ရန်ကုန်မြစ်နှင့်ပဲခူးမြစ်ဆုံနေရာ၏ ရေစီးရေလာနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများ၊ မြန်မာပြည်အနောက်ဖျားမှမြို့သားချင်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေနှင့်စီးပွားရေး/လူမှုရေးညွှန်ကိန်းများ အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာ အကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၁၂) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၂ ခုနှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။